# ၁၉၅၆ ခုနှစ်၊ လျှပ်စစ်ဓါတ်အားပေးရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ လျှပ်စစ်ဓါတ်အားပေးရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၄၇ ခုနှစ်၊ လျှပ်စစ်ဓါတ်အားပေးရေးအက်ဥပဒေ၏ ပုဒ်မ ၅၉ နှင့် ၆၀ အစား အောက်ပါတို့ကို ပုဒ်မ ၅၉ နှင့် ၆၀ အဖြစ်ထည့်သွင်းရမည်။

"၅၉။ ။(၁) အဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချုပ် အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ ထို့ပြင် အဖွဲ့က နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို အစိုးရပြန်တမ်းတွင်၎င်း၊ ရန်ကုန်မြို့တွင် ထုတ်ဝေသောနေ့စဉ် သတင်းစာ တစောင်၊ သို့တည်းမဟုတ် သတင်းစာအများတွင်၎င်း ထုတ်ပြန်ကျေညာစေနိုင်သည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော် စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီး နောက်ခန့်အပ်သော မှတ်ပုံဝင် စာရင်းစစ်များအား၊ နိုင်ငံတော် သမဂ္ဂ ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်းကြားဖြတ်စစ်ဆေးစေနိုင်သည်။

ငွေစာရင်းများစစ်ဆေးခြင်း။

(၂) ဤအက်ဥပဒေအရ၊ ငွေစာရင်းများစစ်ဆေးရန် ကိစ္စအလို့ငှါ၊ စာရင်းစစ်သည်၊ အမိန့်စာဖြင့် မိမိလိုအပ်သည်ဟု ထင်မြင်သော စာအုပ်၊ စာချုပ်၊ ပဋိညာဉ်၊ ငွေစာရင်း၊ ဘောက်ချာ လက်မှတ်နှင့်အခြားစာချုပ် စာတမ်းအားလုံးကို မိမိထံတင်ပြရန် ဆင့်ဆိုနိုင်သည့်ပြင်၊ ထိုစာအုပ်များ၊ စာချုပ်များ၊ ပဋိညာဉ်များ၊ ငွေစာရင်းများ၊ ဘောက်ချာလက်မှတ်များ၊ စာချုပ် စာတမ်းများ လက်ရှိဖြစ်သူ တဦးတယောက်ကို သော်၎င်း၊ ထိုစာအုပ်စသည်တို့နှင့် စပ်လျဉ်း၍ အကျိုးအကြောင်းပြောနိုင်သူတဦးတယောက်ကိုသော်၎င်း ထိုငွေစာရင်းစစ်ဆေးရာသို့ လာရောက်ရန် ဆင့်ခေါ်၍ စာအုပ်စသည်တို့နှင့်စပ်လျဉ်း၍ ထုတ်ဖေါ်ပြောဆိုစေပြီးလျှင်၊ ထိုထုတ်ဖေါ်ပြောဆိုချက်ကို လက်မှတ်ရေးထိုး စေနိုင်သည်။

(၃) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျ အမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက် အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရက်ယူထားခြင်း ကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ် ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ။

၆၀။ နိုင်ငံတော်သမတ ထံ ငွေစာရင်း ရှင်းတမ်းများ ပေးပို့ခြင်းနှင့် ငွေစာရင်း ထားရှိရန်နည်းစနစ်။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမတက ဆင့်ဆိုသည့် ကာလ အပိုင်းအခြားများအတွက် အဖွဲ့၏ ငွေစာရင်းရှင်းတမ်းအပြင်၊ အခြား ရှင်းတမ်း နှင့် အစီရင်ခံစာများကို နိုင်ငံတော်သမတ ထံပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့် နိုင်ငံတော်စာရင်းစစ်ချုပ်ပြဋ္ဌာန်းသည့်ငွေစာရင်းထားရှိပုံနည်းစနစ်နှင့် ပုံစံအတိုင်း ထားရှိရမည်။''

ပ၊မ၊ဗ၊၄ —အမှတ် ၁၅၄၊ တရားရေးဝန်ကြီးဌာန၊ ၉-၅-၅၆—၂,၂၀၀—၂၅